# ရှမ်းပြည်နယ်အပန်းဖြေစခန်း၊ တိရစ္ဆာန်ဥယျာဉ်နှင့် ရုက္ခဗေဒဥယျာဉ်ဥပဒေ

## (၂၀၁၈ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဥပဒေအမှတ် ၅ ။)

## ၁၃၈၀ ပြည့်နှစ်၊ တော်သလင်းလပြည့်ကျော် ၂ ရက်

## (၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၂၆ ရက်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၈၈ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံးလျက် ရှမ်းပြည်နယ်လွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)

## အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို ရှမ်းပြည်နယ်အပန်းဖြေစခန်း၊ တိရစ္ဆာန်ဥယျာဉ်နှင့် ရုက္ခဗေဒဥယျာဉ်ဥပဒေဟု ခေါ်တွင်စေရမည်။ ဥပဒေထုတ်ပြန်ကြေညာသည့် နေ့ရက်မှစတင်၍ ရှမ်းပြည်နယ်တစ်ဝန်းလုံးတွင် အကျိုးသက်ရောက်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါ စကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **ပြည်နယ်** ဆိုသည်မှာ ရှမ်းပြည်နယ်ကို ဆိုသည်။

(ခ) **အစိုးရအဖွဲ့** ဆိုသည်မှာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ကို ဆိုသည်။

(ဂ) **ဝန်ကြီးဌာန** ဆိုသည်မှာ ရှမ်းပြည်နယ်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနကို ဆိုသည်။

(ဃ) **ဝန်ကြီး** ဆိုသည်မှာ ရှမ်းပြည်နယ်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးကို ဆိုသည်။

( င) **ကော်မတီ** ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းထားသော အပန်းဖြေစခန်း၊ တိရစ္ဆာန်ဥယျာဉ်၊ ရုက္ခဗေဒဥယျာဉ် စီမံခန့်ခွဲမှုဆိုင်ရာကော်မတီကို ဆိုသည်။

( စ) **ညွှန်ကြားရေးမှူး** ဆိုသည်မှာ ရှမ်းပြည်နယ် သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးကို ဆိုသည်။

(ဆ) **ဦးစီးဌာန** ဆိုသည်မှာ ရှမ်းပြည်နယ် သစ်တောဦးစီးဌာနကို ဆိုသည်။

( ဇ) **သစ်တောအရာရှိ** ဆိုသည်မှာ ဤဥပဒေပါလုပ်ငန်းတာဝန်များကို ထမ်းဆောင်ရန် လွှဲအပ်ထားသော ဦးစီးဌာန၏ မြို့နယ်အဆင့်တာဝန်ခံမှ ပြည်နယ်အဆင့် တာဝန်ခံအထိ အဆင့်ဆင့်သော အရာရှိများကို ဆိုသည်။

( ဈ) **သစ်တောဝန်ထမ်း** ဆိုသည်မှာ ဤဥပဒေပါ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရန် လွှဲအပ်ထားသော သစ်တောဦးစီးဌာန၏ တောကြပ်အဆင့်မှ ညွှန်ကြားရေးမှူးအဆင့်ထိ အဆင့်ဆင့်သော ဝန်ထမ်းများကို ဆိုသည်။

(ည) **အပန်းဖြေစခန်း** ဆိုသည်မှာ သတ်မှတ်ထားသည့် စည်းကမ်းများနှင့်အညီ အများပြည်သူတို့ စိတ်ချမ်းမြေ့ပျော်ရွှင်စွာ အနားယူအပန်းဖြေနိုင်ရန်

အရိပ်ရ အပင်များ၊ နှစ်ရှည်နှင့် ရာသီစားသုံးသီးပင်များ၊ နားနေဆောင်များ၊ အားကစားရုံများ၊ အားကစားကွင်းများ၊ ရှုခင်းနေရာများ၊ ရေကူးကန်များ၊ ပန်းဥယျာဉ်များနှင့် လှပစွာစိုက်ပျိုး၊ ပြုစုတည်ထောင်ထားသောနေရာကို ဆိုသည်။

( ဋ) **တိရစ္ဆာန်ဥယျာဉ်** ဆိုသည်မှာ တိရစ္ဆာန်များကို မွေးမြူထိန်းသိမ်းပြီး သုတေသနပြုနိုင်ရန်၊ ပညာပေး လုပ်ငန်းများ ဆောင်ရွက်ရန်နှင့် အခကြေးငွေယူ၍သော်လည်းကောင်း၊ အခမဲ့သော်လည်းကောင်း အများပြည်သူ ကြည့်ရှုလေ့လာ အပန်းဖြေနိုင်ရန် တည်ထောင်ထားသည့် ဥယျာဉ်ကို ဆိုသည်။

( ဌ) **ရုက္ခဗေဒဥယျာဉ်** ဆိုသည်မှာ သဘာဝအပင်နှင့် စိုက်ပျိုးထားသော အပင်များကို ထိန်းသိမ်းပြီး သုတေသနပြုလုပ်နိုင်ရန်၊ ပညာပေးလုပ်ငန်းများ ဆောင်ရွက်ရန်နှင့် အခကြေးငွေယူ၍ သော်လည်းကောင်း၊ အခမဲ့သော်လည်းကောင်း အများပြည်သူ ကြည့်ရှုလေ့လာ အပန်းဖြေနိုင်ရန် တည်ထောင်ထားသည့်ဥယျာဉ်ကို ဆိုသည်။

( ဍ) **တောရိုင်းတိရစ္ဆာန်** ဆိုသည်မှာ နေရင်းဒေသအတွင်း သဘာဝအတိုင်း ပေါက်ဖွားကျက်စားလေ့ရှိသော သို့မဟုတ် နေရင်းဒေသမှ အခြားဒေသသို့ အကြောင်းအမျိုးမျိုးကြောင့် ရောက်ရှိနေသော တိရစ္ဆာန်၊ ငှက်၊ ပိုးမွှားနှင့် ရေနေသတ္တဝါတို့ကို ဆို

သည်။ ယင်းစကားရပ်တွင် ယင်းတို့၏ အထီးမျိုး ရည်၊ အမမျိုးဥ၊ သန္ဓေသားလောင်း၊ ဥ၊ ပိုးလောင်း၊ တစ်သျှူး၊ အသားစ၊ သွေးရည်နှင့် အစိတ်အပိုင်း များလည်း ပါဝင်သည်။

( ဃ) **သဘာဝအပင်** ဆိုသည်မှာ နေရင်းဒေသတွင် သဘာဝအတိုင်း မြေမျက်နှာပြင်ပေါ်၊ မြေမျက်နှာ ပြင်အောက်၊ အခြားအပင်များပေါ်၊ ရေစပ်၊ ရေပေါ်၊ ရေအောက်တို့တွင် ပေါက်ရောက်နေသော အပင် မျိုးစုံနှင့် ယင်းတို့၏မျိုးပွားနိုင်သည့် အစိတ်အပိုင်း၊ မျိုးစေ့၊ တစ်သျှူးနှင့် မျိုးရိုးဗီဇများကို ဆိုသည်။

(င) **နေရင်းဒေသ** ဆိုသည်မှာ တောရိုင်းတိရစ္ဆာန်များ သဘာဝအတိုင်း ပေါက်ဖွားကျက်စားရာ နယ်မြေ နှင့် အပင်များ သဘာဝအတိုင်း ပေါက်ရောက်ရာ နယ်မြေကို ဆိုသည်။

(စ) **သစ်တောနယ်မြေ** ဆိုသည်မှာ သစ်တောဥပဒေအရ ဖွဲ့စည်းထားသည့် ကြိုးဝိုင်းတောနှင့် သတ်မှတ် ကြေညာထားသည့် ကြိုးပြင်ကာကွယ်တော တို့ကို ဆိုသည်။

(ဆ) **ကြီးကြပ်ရေးအဖွဲ့** ဆိုသည်မှာ ဤဥပဒေအရ ကော်မတီက ဖွဲ့စည်းထားသည့် အပန်းဖြေစခန်း၊ တိရစ္ဆာန်ဥယျာဉ်၊ ရုက္ခဗေဒဥယျာဉ် စီမံခန့်ခွဲမှု ဆိုင်ရာ မြို့နယ်ကြီးကြပ်ရေးအဖွဲ့ကို ဆိုသည်။

( ဒ) **လုပ်ငန်းခွင့်ပြုမိန့်** ဆိုသည်မှာ ဤဥပဒေနှင့်အညီ တည်ထောင် လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် လျှောက်ထား ခြင်းနှင့် စပ်လျဉ်း၍ ကော်မတီ၏ သဘောတူညီ ချက်ဖြင့် လုပ်ငန်းလုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ပြုသည့် ခွင့်ပြုမိန့်ကို ဆိုသည်။

( ဓ) **လုပ်ငန်းလိုင်စင်** ဆိုသည်မှာ ညွှန်ကြားရေးမှူးက လုပ်ငန်း တည်ထောင်သူအား ထုတ်ပေးသည့် လုပ်ကိုင်ခွင့်ကို ဆိုသည်။

( န) **စစ်ဆေးရေးအဖွဲ့** ဆိုသည်မှာ အကြောင်းတစ်စုံ တစ်ရာကြောင့် ဖြစ်ပေါ်လာသည့် ကိစ္စရပ်များကို ဖြေရှင်းရန်အတွက် စစ်ဆေးတင်ပြနိုင်ရန် ကြီးကြပ် ရေးအဖွဲ့မှ ဖွဲ့စည်းတာဝန်ပေးအပ်ထားသောအဖွဲ့ ကို ဆိုသည်။

( ပ) **ကာကွယ်ထားသည့်တောရိုင်းတိရစ္ဆာန်** ဆိုသည်မှာ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနက အမိန့် ကြော်ငြာစာဖြင့် ထုတ်ပြန်သတ်မှတ်ထားသော လုံးဝကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်၊ သာမန်ကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်၊ ရာသီအလိုက် ကာကွယ်ထားသည့် တောရိုင်း တိရစ္ဆာန်တို့ကို ဆိုသည်။

## အခန်း (၂)
## ရည်ရွယ်ချက်

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ထိန်းသိမ်းရေးဆိုင်ရာ နိုင်ငံတော်၏ မူဝါဒများကို အကောင်အထည်ဖော်ရန်။

( ခ) တိရစ္ဆာန်ဥယျာဉ်နှင့် ရုက္ခဗေဒ ဥယျာဉ်များကို တည်ထောင်ခြင်းဖြင့် ပတ်ဝန်းကျင်နှင့် သဘာဝရေမြေတောတောင် တိရစ္ဆာန်များကို ချစ်မြတ်နိုးပြီး ထိန်းသိမ်းကာကွယ်စောင့်ရှောက်နိုင်ရန်။

( ဂ) မျိုးသုဉ်းမည့် အန္တရာယ်ရှိသည့် တောရိုင်းတိရစ္ဆာန်၊ သဘာဝအပင်များနှင့် ယင်းတို့၏ နေရင်းဒေသများကို ကာကွယ်ထိန်းသိမ်းရန်။

(ဃ) သဘာဝသိပ္ပံဆိုင်ရာ သုတေသန လုပ်ငန်းများကို အထောက်အကူဖြစ်စေရန်။

( င) စဉ်ဆက်မပြတ် ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ ကိစ္စရပ်များ စနစ်တကျပေါင်းစပ် ဆောင်ရွက်နိုင်ရန်။

( စ) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကိစ္စရပ်များကို အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်း၊ အစိုးရမဟုတ်သော အဖွဲ့အစည်းနှင့် ပုဂ္ဂလိကတို့ ပူးပေါင်းဆောင်ရွက်နိုင်ရန်။

(ဆ) တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များထိန်းသိမ်းကာကွယ်ရေး လုပ်ငန်းများတွင် ပြည်သူတို့၏ ပူးပေါင်းဆောင်ရွက်မှု ရရှိစေရန်အတွက် အသိပညာပေး စည်းရုံးလှုံ့ဆော်မှုများအား ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ရန်။

(ဇ) ပြည်သူလူထု စိတ်ချမ်းမြေ့ပျော်ရွှင်စွာ အပန်းဖြေအနားယူ လေ့လာနိုင်ရန်။

## အခန်း (၃)
## ကော်မတီဖွဲ့စည်းခြင်း

၄။ အစိုးရအဖွဲ့သည် ဤဥပဒေပါ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရန်အတွက် စီမံခန့်ခွဲမှုဆိုင်ရာကော်မတီကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည်-

| | | |
|---|---|---|
| (က) | ဝန်ကြီး | ဥက္ကဋ္ဌ |
| (ခ) | ပြည်နယ်အဆင့် ဌာနဆိုင်ရာများ | အဖွဲ့ဝင် |
| (ဂ) | အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ပညာရှင်များ | အဖွဲ့ဝင် |
| (ဃ) | အခြားသင့်လျော်သော ပုဂ္ဂိုလ်များ | အဖွဲ့ဝင် |
| (င) | ညွှန်ကြားရေးမှူး | အတွင်းရေးမှူး |

# အခန်း (၄)

## ကော်မတီ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၅။ ကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) အစိုးရက တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးဆိုင်ရာမူဝါဒများ ချမှတ်နိုင်ရန် အကြံပြု တင်ပြခြင်း။

( ခ) အပန်းဖြေစခန်း၊ တိရစ္ဆာန်ဥယျာဉ်၊ ရုက္ခဗေဒဥယျာဉ် တည်ထောင်ရေးအတွက် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းပေးခြင်း။

( ဂ) မျိုးသုဉ်းမည့် အန္တရာယ်ရှိသည့် တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးအတွက် အသိပညာပေးလုပ်ငန်းများ စီမံဆောင်ရွက်စေခြင်း။

(ဃ) သဘာဝသိပ္ပံဆိုင်ရာ သုတေသန လုပ်ငန်းများဆောင်ရွက်ခြင်းနှင့် စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်းပေးခြင်း။

( င) ပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေး လုပ်ငန်းများနှင့် စပ်လျဉ်းပြီး ပေါင်းစပ်ညှိနှိုင်းပေးခြင်း။

( စ) အပန်းဖြေစခန်း၊ တိရစ္ဆာန်ဥယျာဉ်၊ ရုက္ခဗေဒဥယျာဉ် တည်ထောင်ရန် နယ်မြေအား အစိုးရအဖွဲ့၏သဘောတူညီခွင့်ပြုချက်ဖြင့် လျာထားသတ်မှတ်ခြင်း၊ ကန့်ကွက်မှုများရှိပါက စုံစမ်းစစ်ဆေးတင်ပြဆောင်ရွက်ခြင်း။

(ဆ) အပန်းဖြေစခန်း၊ တိရစ္ဆာန်ဥယျာဉ်၊ ရုက္ခဗေဒ ဥယျာဉ်အား ကြီးကြပ်နိုင်ရေးနှင့် ယင်းလုပ်ငန်း တည်ထောင်သည့် နယ်မြေရှိ အများပြည်သူတို့၏ အခွင့်အရေး ထိခိုက်နစ်နာမှု အခြေအနေကို စုံစမ်း စစ်ဆေး တင်ပြနိုင်ရေးအတွက် မြို့နယ်ကြီးကြပ် ရေးအဖွဲ့အား တာဝန်ပေးအပ်ခြင်း။

(ဇ) အပန်းဖြေစခန်း၊ တိရစ္ဆာန်ဥယျာဉ်၊ ရုက္ခဗေဒ ဥယျာဉ် တည်ထောင်သည့် နယ်မြေရှိ အများပြည်သူ တို့ အခွင့်အရေး ထိခိုက်နစ်နာမှုများအတွက် ထိုက်သင့်သည့် လျော်ကြေး၊ နစ်နာကြေးနှင့် ရသင့် ရထိုက်သော အခွင့်အရေးများရရှိစေရန် ကူညီ ဆောင်ရွက်ပေးခြင်း။

(ဈ) တည်ထောင်သည့် လုပ်ငန်းများ၏ စံချိန်စံညွှန်းများ သတ်မှတ်ပေးခြင်းနှင့် သတ်မှတ်ထားသည့်လုပ်ငန်း စံချိန်စံညွှန်းများနှင့် ညီညွတ်မှု ရှိ မရှိ စစ်ဆေးရေး အဖွဲ့အား ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း၊ ကြီးကြပ် စစ်ဆေးစေခြင်း။

(ည) ကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်များနှင့် စပ်လျဉ်း၍ တည်ဆဲဥပဒေများနှင့်အညီ မှတ်ပုံတင် စေခြင်း။

(ဋ) အစိုးရအဖွဲ့က အခါအားလျော်စွာ ပေးအပ်သော တာဝန်များကို ထမ်းဆောင်ခြင်း။

( ဃ) အပန်းဖြေစခန်း၊ တိရစ္ဆာန်ဥယျာဉ်၊ ရုက္ခဗေဒ ဥယျာဉ် တည်ထောင်ရန် လျာထားသတ်မှတ်သည့် နယ်မြေကို အများပြည်သူသိရှိနိုင်ရန် ရက်ပေါင်း (၆၀) ကြိုတင်ကြေညာခြင်း။

( င) ကော်မတီသည် အစည်းအဝေးများကို သတ်မှတ်ချက်များနှင့်အညီ ကျင်းပရမည်။

၆။ ကော်မတီ၏ လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်–

(က) သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ ပညာပေး စည်းရုံးမှုများနှင့် လှုပ်ရှားမှုများအား ဆောင်ရွက်ခြင်း။

( ခ) အပန်းဖြေစခန်း၊ တိရစ္ဆာန်ဥယျာဉ်၊ ရုက္ခဗေဒ ဥယျာဉ် တည်ထောင်လိုကြောင်း လျှောက်ထားလာခြင်းအပေါ် စည်းကမ်းချက်များ သတ်မှတ်၍ အစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် လုပ်ငန်းတည်ထောင်လုပ်ကိုင်ရန် ခွင့်ပြုမိန့်ထုတ်ပေးခြင်း၊ ငြင်းပယ်ခြင်း။

( ဂ) အပန်းဖြေစခန်း၊ တိရစ္ဆာန်ဥယျာဉ်၊ ရုက္ခဗေဒ ဥယျာဉ် တည်ထောင်ခွင့်ပြုသည့် ခွင့်ပြုမိန့်ရရှိသူသည် သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ လုပ်ငန်းဆောင်ရွက်ခြင်း ရှိ မရှိ စစ်ဆေးရန် မြို့နယ်ကြီးကြပ်ရေးအဖွဲ့အား ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း။

(ဃ) တည်ထောင်လိုသည့် လုပ်ငန်းများနှင့် စပ်လျဉ်း၍ တင်ပြလာသည့် လျှောက်ထားချက်များအပေါ် လိုအပ်သည့် အထောက်အထားများကို ဖြစ်စေ၊ အချက်အလက်များကိုဖြစ်စေ တင်ပြရန်တောင်းခံခြင်း။

( င) အပန်းဖြေစခန်း၊ တိရစ္ဆာန်ဥယျာဉ်၊ ရုက္ခဗေဒဥယျာဉ် တည်ထောင်ခွင့်ပြုသည့် ခွင့်ပြုမိန့်ရရှိသူသည် ဤဥပဒေပါ သတ်မှတ်ထားသည့် စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း စစ်ဆေးတွေ့ရှိလျှင် လုပ်ငန်းလိုင်စင်ကို ပြန်လည်ရုပ်သိမ်းခြင်း။

( စ) ကော်မတီသည် အပန်းဖြေစခန်း၊ တိရစ္ဆာန်ဥယျာဉ်၊ ရုက္ခဗေဒဥယျာဉ် လုပ်ငန်းလုပ်ကိုင်သည့် ကာလကို ခွင့်ပြုသည့်နေ့မှစ၍ နှစ်ပေါင်း(၃၀)ထိ ခွင့်ပြုနိုင်သည်။

(ဆ) ကော်မတီသည်လုပ်ငန်းလိုအပ်ချက်အရ ကျွမ်းကျင်သူသုတေသီများ၊ ပညာရှင်များအား ဖိတ်ကြား၍ အကြံဉာဏ်များ ရယူနိုင်သည်။

## အခန်း (၅)

## ကြီးကြပ်ရေးအဖွဲ့ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ

၇။ ကော်မတီသည် ဤဥပဒေပါ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရန်အတွက် မြို့နယ်ကြီးကြပ်ရေးအဖွဲ့အား အောက်ပါ

ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည့်အပြင် အဖွဲ့ဝင်ဦးရေကို အနည်းဆုံး ငါးဦး၊ အများဆုံး ကိုးဦးထက်မပိုစေဘဲ ဖွဲ့စည်းရမည်–

(က) မြို့နယ်အုပ်ချုပ်ရေးမှူး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန — ဥက္ကဋ္ဌ

( ခ) မြို့နယ်အဆင့်ဌာနဆိုင်ရာများ — အဖွဲ့ဝင်

( ဂ) အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ပညာရှင်များ — အဖွဲ့ဝင်

(ဃ) အခြားသင့်လျော်သော ပုဂ္ဂိုလ်များ — အဖွဲ့ဝင်

( င) မြို့နယ်သစ်တောအရာရှိ သို့မဟုတ် မြို့နယ်သစ်တောတာဝန်ခံ — အတွင်းရေးမှူး

၈။ မြို့နယ်ကြီးကြပ်ရေးအဖွဲ့၏လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် –

(က) စစ်ဆေးရေး ကိစ္စရပ်များအတွက် လိုအပ်သော သက်သေခံ အထောက်အထား၊ စာရွက်စာတမ်း၊ ငွေရေးကြေးရေး အထောက်အထားများနှင့် ခိုင်လုံသော အကျိုးအကြောင်း ဖော်ပြချက်များအား စစ်ဆေးခြင်း၊ လိုအပ်သော ပုဂ္ဂိုလ်များအား ခေါ်ယူမေးမြန်းခြင်း။

( ခ) ပုဒ်မခွဲ(က)ပါ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆောင်ရွက်ရာတွင် ခိုင်လုံသော အကြောင်းပြချက် မရှိဘဲ လိုက်နာရန် ပျက်ကွက်ပါက အရေးယူဆောင်ရွက်မှုပြုနိုင်ရန် ကော်မတီထံ တင်ပြခြင်း။

(ဂ) စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာများနှင့် ဤဥပဒေ အရလိုအပ်သော အရေးယူ ဆောင်ရွက်မှုများကို ပြုလုပ်နိုင်ရန် ကော်မတီသို့ တင်ပြခြင်း။

(ဃ) အပန်းဖြေစခန်း၊ တိရစ္ဆာန်ဥယျာဉ်၊ ရုက္ခဗေဒ ဥယျာဉ် တည်ထောင်ထားသည့် နယ်မြေဒေသရှိ အများပြည်သူတို့၏ အခွင့်အရေး ထိခိုက်နစ်နာမှု များကို ကော်မတီသို့ တင်ပြခြင်း။

(င) အပန်းဖြေစခန်း၊ တိရစ္ဆာန်ဥယျာဉ်၊ ရုက္ခဗေဒ ဥယျာဉ်လုပ်ငန်း ခွင့်ပြုမိန့်ရရှိသူက သတ်မှတ်ထား သည့် စည်းကမ်းချက်များနှင့်အညီ လိုက်နာ ဆောင်ရွက်ခြင်း ရှိ မရှိ စစ်ဆေးခြင်းနှင့် စစ်ဆေး တွေ့ရှိချက်အား ကော်မတီသို့ တင်ပြခြင်း။

(စ) တည်ထောင်ထားသည့် အပန်းဖြေစခန်း၊ တိရစ္ဆာန် ဥယျာဉ်၊ ရုက္ခဗေဒဥယျာဉ်အတွင်း သိပ္ပံဆိုင်ရာ သုတေသနပြုလုပ်ခြင်း၊ သဘာဝပတ်ဝန်းကျင် အား ကြည့်ရှုလေ့လာခြင်းနှင့် အပန်းဖြေခြင်းတို့ကို သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ ကြီးကြပ်ခြင်း။

(ဆ) အပန်းဖြေစခန်း၊ တိရစ္ဆာန်ဥယျာဉ်၊ ရုက္ခဗေဒ ဥယျာဉ်ကို ဘေးအန္တရာယ်များ မကျရောက်စေရေး နှင့် ပတ်ဝန်းကျင် ထိခိုက်နှောင့်ယှက်မှုများ မရှိစေ

ရေးတို့အတွက် ဆောင်ရွက်ထားရှိခြင်းများကို ကြီးကြပ်ခြင်း။

( ဈ) ကော်မတီမှ အခါအားလျော်စွာ ပေးအပ်သော တာဝန်ကို ထမ်းဆောင်ခြင်း။

## အခန်း (၆)

## အပန်းဖြေစခန်း၊ တိရစ္ဆာန်ဥယျာဉ်၊ ရုက္ခဗေဒဥယျာဉ် တည်ထောင်ခြင်း

၉။ ကော်မတီသည် –

(က) အစိုးရဌာန သို့မဟုတ် အဖွဲ့အစည်းတစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦး၏ စီမံခန့်ခွဲမှုအောက်တွင်ရှိသော မြေတွင် အပန်းဖြေစခန်း၊ တိရစ္ဆာန်ဥယျာဉ်၊ ရုက္ခဗေဒဥယျာဉ် တည်ထောင်ရန် လျှောက်ထားလာပါက တည်ဆဲဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ သက်ဆိုင်ရာ ဌာန၊ အဖွဲ့အစည်းများနှင့် ကြိုတင်ညှိနှိုင်း စီမံဆောင်ရွက်ပေးရမည်။

( ခ) အပန်းဖြေစခန်း၊ တိရစ္ဆာန်ဥယျာဉ်၊ ရုက္ခဗေဒဥယျာဉ် တည်ထောင်ရန် လျာထားသတ်မှတ်သည့် နယ်မြေ၊ နယ်နိမိတ်ကို အများပြည်သူ သိရှိနိုင်ရန် ရက်ပေါင်း (၆၀) ကြိုတင်ကြေညာရမည်။

( ဂ) အပန်းဖြေစခန်း၊ တိရစ္ဆာန်ဥယျာဉ်၊ ရုက္ခဗေဒဥယျာဉ်တည်ထောင်မည့် သက်ဆိုင်ရာ နယ်မြေဒေသရှိ အများပြည်သူတို့၏ အခွင့်အရေး ထိခိုက်

နစ်နာမှုများကို သတ်မှတ်သည့် နည်းလမ်းများနှင့် အညီ စုံစမ်းစစ်ဆေးရန်နှင့် နယ်မြေသတ်မှတ် တည်ထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် ပဏာမစိစစ်ရေးအဖွဲ့ကို ဖွဲ့စည်း၍ တာဝန်ပေး ရမည်။

(ဃ) လုပ်ငန်းလိုင်စင် သက်တမ်းနှင့် လုပ်ငန်းလိုင်စင်ခ များကို သတ်မှတ်ရမည်။

( င) လုပ်ငန်းလိုင်စင် ထုတ်ပေးနိုင်ရန်အတွက် ညွှန်ကြားရေးမှူးကို တာဝန်ပေးရမည်။

၁၀။ ကော်မတီသည် တည်ထောင်ထားသည့် အပန်းဖြေစခန်း၊ တိရစ္ဆာန်ဥယျာဉ်၊ ရုက္ခဗေဒဥယျာဉ်၏ ဧရိယာတစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ အစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် အများပြည်သူ၏အကျိုးငှာ လိုအပ်ပါက ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုနိုင်သည်။

၁၁။ ကော်မတီသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့်–

(က) တည်ထောင်ထားသည့် အပန်းဖြေစခန်း၊ တိရစ္ဆာန် ဥယျာဉ်၊ ရုက္ခဗေဒဥယျာဉ်ကို ပြည်နယ်အကျိုး စီးပွားအလို့ငှာ အစိုးရအဖွဲ့နှင့် အခြားမည်သည့် ပုဂ္ဂိုလ် သို့မဟုတ် မည်သည့်စီးပွားရေး အဖွဲ့အစည်း ကမဆို ဖက်စပ်လုပ်ကိုင်ရန်ဖြစ်စေ၊ ပုဂ္ဂိုလ်တစ်ဦး ဦး သို့မဟုတ် စီးပွားရေး အဖွဲ့အစည်းတစ်ခုခုက လုပ်ကိုင်ရန်ဖြစ်စေ၊သတ်မှတ်ထားသော နည်းလမ်း

မျှားနှင့်အညီ လျှောက်ထားခြင်းကို စည်းကမ်းချက် များ သတ်မှတ်၍ ခွင့်ပြုနိုင်သည်။

( ခ) ပုဂ္ဂလိကပိုင် အပန်းဖြေစခန်း၊ တိရစ္ဆာန်ဥယျာဉ်၊ ရုက္ခဗေဒဥယျာဉ်ကို တည်ထောင်လုပ်ကိုင်လို ကြောင်း သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ လျှောက်ထားခြင်းကို စည်းကမ်းချက်များသတ်မှတ် ၍ ခွင့်ပြုနိုင်သည်။

၁၂။ ညွှန်ကြားရေးမှူးသည် အပန်းဖြေစခန်း၊ တိရစ္ဆာန်ဥယျာဉ်၊ ရုက္ခဗေဒဥယျာဉ် တည်ထောင်မည့် နယ်မြေဒေသရှိ အများပြည်သူ တို့၏ အခွင့်အရေး ထိခိုက်နစ်နာမှုများအတွက် သင့်လျော်သော အခွင့်အရေးများ၊ အကျိုးခံစားခွင့်များကို ကော်မတီ၏ခွင့်ပြုချက် ဖြင့် စီစစ်ဆောင်ရွက်ရမည်။

၁၃။ ညွှန်ကြားရေးမှူးသည် ကော်မတီ၏ ခွင့်ပြုချက်ဖြင့် -

(က) သတ်မှတ်စည်းကမ်းချက်များနှင့်အညီ အပန်းဖြေ စခန်း၊ တိရစ္ဆာန်ဥယျာဉ်၊ ရုက္ခဗေဒဥယျာဉ်အတွင်း သိပ္ပံဆိုင်ရာ သုတေသနပြုလုပ်ခြင်း ခွင့်ပြုနိုင်သည်။

( ခ) အပန်းဖြေစခန်း၊ တိရစ္ဆာန်ဥယျာဉ်၊ ရုက္ခဗေဒ ဥယျာဉ်အတွင်းသို့ ပတ်ဝန်းကျင်မှ အန္တရာယ်မကျ ရောက်စေရန်နှင့် ထိခိုက်နှောင့်ယှက်မှုများ မရှိစေ ရန် လိုအပ်သည့် အစီအမံများ ချမှတ်ဆောင်ရွက် နိုင်သည်။

( ဂ) တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များကို အခြား တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များနှင့် သော်လည်းကောင်း၊ နိုင်ငံခြားတိုင်းပြည်များနှင့် သော်လည်းကောင်း၊ အလဲအလှယ်ပြုလုပ်နိုင်ရေး အတွက် ကော်မတီမှတစ်ဆင့် အစိုးရအဖွဲ့သို့ တင်ပြ ရမည်။

(ဃ) အပန်းဖြေစခန်း၊ တိရစ္ဆာန်ဥယျာဉ်၊ ရုက္ခဗေဒ ဥယျာဉ်လုပ်ငန်း လုပ်ကိုင်သူသို့ လုပ်ငန်းလိုင်စင် ထုတ်ပေးခြင်း၊ သက်တမ်းတိုးခြင်း၊ ပယ်ဖျက်ခြင်း ပြုနိုင်သည်။

၁၄။ ညွှန်ကြားရေးမှူးသည် ဤဥပဒေအရ တည်ထောင်ထား သည့် အပန်းဖြေစခန်း၊ တိရစ္ဆာန်ဥယျာဉ်၊ ရုက္ခဗေဒဥယျာဉ်အတွင်း ကြည့်ရှုလေ့လာ အပန်းဖြေသူများ လိုက်နာရမည့် စည်းကမ်းချက် များကို ကော်မတီ၏ ခွင့်ပြုချက်ဖြင့် သတ်မှတ်ပြီး အများပြည်သူ သိရှိနိုင်စေရန် ကြေညာထားရမည်။

## အခန်း (၇)

## အပန်းဖြေစခန်း၊ တိရစ္ဆာန်ဥယျာဉ်၊ ရုက္ခဗေဒဥယျာဉ် တည်ထောင်လုပ်ကိုင်ခွင့်၊ လုပ်ငန်းလုပ်ကိုင်ခွင့် ခွင့်ပြုမိန့်လျှောက်ထားခြင်း၊ ထုတ်ပေးခြင်းနှင့် ငြင်းပယ်ခြင်း

၁၅။ အပန်းဖြေစခန်း၊ တိရစ္ဆာန်ဥယျာဉ်နှင့် ရုက္ခဗေဒဥယျာဉ် တည်ထောင်လုပ်ကိုင်လိုသူနှင့် လုပ်ငန်းလုပ်ကိုင်လိုသူများသည်

ခွင့်ပြုမိန့်ရရှိရန် ကော်မတီထံ သတ်မှတ်ထားသည့် နည်းလမ်းများ နှင့်အညီ လျှောက်ထားရမည်။

၁၆။ ကော်မတီသည် –

(က) အပန်းဖြေစခန်း၊ တိရစ္ဆာန်ဥယျာဉ်၊ ရုက္ခဗေဒဥယျာဉ် ဆိုင်ရာခွင့်ပြုမိန့် စည်းကမ်းချက်များကို သတ်မှတ်ပေးရမည်၊

(ခ) ခွင့်ပြုမိန့်ရရှိသူက လိုက်နာရမည့် စည်းကမ်းချက်များကို ဖောက်ဖျက်ကျူးလွန်လျှင် ခွင့်ပြုမိန့်ကို ကာလအကန့်အသတ်ဖြင့် ဆိုင်းငံ့ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်။

၁၇။ ကော်မတီသည် အပန်းဖြေစခန်း၊ တိရစ္ဆာန်ဥယျာဉ်၊ ရုက္ခဗေဒဥယျာဉ် လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ပေးခြင်းပြုသည့်အခါ သတ်မှတ်ထားသည့် အခွန်အခများကို အပြေအကျေပေးသွင်းစေပြီးမှသာ ခွင့်ပြုမိန့်ထုတ်ပေးရမည်။

၁၈။ ကော်မတီသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အပန်းဖြေစခန်း၊ တိရစ္ဆာန်ဥယျာဉ်၊ ရုက္ခဗေဒဥယျာဉ်ကို တည်ထောင်ခွင့်ပြုရာတွင် လိုအပ်သည့် အနည်းဆုံး မြေဧရိယာအကျယ်အဝန်းနှင့် လုပ်ငန်းပမာဏအလိုက် သင့်လျော်သည့် မြေဧရိယာအကျယ်အဝန်းကို သတ်မှတ်ခွင့်ပြုနိုင်သည်။

၁၉။ ကော်မတီသည် ခွင့်ပြုမိန့်ရရှိသူက ခွင့်ပြုသည့်သက်တမ်းကုန်ဆုံးပြီးနောက် သက်တမ်းတိုးရန် လျှောက်ထားလာခြင်းအပေါ် စိစစ်၍ ခွင့်ပြုနိုင်သည် သို့မဟုတ် ငြင်းပယ်နိုင်သည်။

၂၀။ ကော်မတီသည် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် အပန်းဖြေစခန်း၊ တိုရစ္ဆာန်ဥယျာဉ်၊ ရုက္ခဗေဒဥယျာဉ် တည်ထောင်လုပ်ကိုင်ရန် လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်လျှောက်ထားလာသည့် လုပ်ငန်းများအတွက် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် သို့မဟုတ် ရှမ်းပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီ သို့မဟုတ် အစိုးရအဖွဲ့မှ သဘောထားမှတ်ချက် တောင်းခံလာပါက သဘောထားမှတ်ချက် ပေးရမည်။

## အခန်း (၈)

## လုပ်ငန်းခွင့်ပြုမိန့်သက်တမ်း၊ လုပ်ငန်းခွင့်ပြုခ၊ ရက်လွန်ကြေး၊ ဒဏ်ကြေးနှင့် သက်တမ်းတိုးမြှင့်ခ သတ်မှတ်ခြင်း

၂၁။ ကော်မတီသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် လုပ်ငန်းခွင့်ပြုခ၊ ရက်လွန်ကြေး၊ ဒဏ်ကြေး၊ သက်တမ်းတိုးမြှင့်ခနှင့် အခြားဝန်ဆောင်ခများကို သတ်မှတ်ကောက်ခံနိုင်သည်။ ရက်လွန်ကြေးကောက်ခံရာတွင် လ၏အစိတ်အပိုင်းကို တစ်လဟုသတ်မှတ်ရမည်။

၂၂။ အစိုးရအဖွဲ့သည် လုပ်ငန်းခွင့်ပြုမိန့်သက်တမ်း၊ လုပ်ငန်းခွင့်ပြုခ၊ ရက်လွန်ကြေး၊ ဒဏ်ကြေး၊ သက်တမ်းတိုးမြှင့်ခနှင့် အခြားဝန်ဆောင်ခများကို အခါအားလျော်စွာ ပြင်ဆင်သတ်မှတ်နိုင်သည်။

## အခန်း (၉)
## အပန်းဖြေစခန်း၊ တိရစ္ဆာန်ဥယျာဉ်၊ ရုက္ခဗေဒဥယျာဉ် တည်ထောင်လုပ်ကိုင်ရန် ခွင့်ပြုမိန့်ရရှိသူက လိုက်နာရမည့်တာဝန်များ

၂၃။ အပန်းအဖြေစခန်း၊ တိရစ္ဆာန်ဥယျာဉ်၊ ရုက္ခဗေဒဥယျာဉ် တည်ထောင်လုပ်ကိုင်လိုသူသည် သတ်မှတ်ထားသည့် လုပ်ငန်း ခွင့်ပြုမိန့်ရရှိပြီးမှသာလျှင် လုပ်ငန်းကို စတင်လုပ်ကိုင်ခွင့်ရှိသည်။

၂၄။ အပန်းဖြေစခန်း၊ တိရစ္ဆာန်ဥယျာဉ်၊ ရုက္ခဗေဒဥယျာဉ် တည်ထောင်လုပ်ကိုင်ရန် ခွင့်ပြုမိန့်ရရှိသူသည် –

(က) တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ လုပ်ထုံး လုပ်နည်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များကို လိုက်နာရမည်။

( ခ) ကော်မတီက အခါအားလျော်စွာ သတ်မှတ်သည့် စည်းကမ်းများကို လိုက်နာရမည်၊

( ဂ) ခွင့်ပြုထားသော လုပ်ငန်းအမျိုးအစားနှင့် ယင်းနှင့် ဆက်နွယ်လျက်ရှိသော လုပ်ငန်းကိုသာ လုပ်ကိုင် ရမည်။

(ဃ) လုပ်ကိုင်ခွင့်ရသည့် လုပ်ငန်းကို စတင်ခွင့်ပြုသည့် နေ့မှစ၍ သုံးနှစ်အတွင်း သတ်မှတ်ချက်အတိုင်း လုပ်ငန်းပြီးစီးသည်အထိ အကောင်အထည်ဖော် ဆောင်ရွက်ရမည်။ သဘာဝဘေးအန္တရာယ်ကြောင့် သော်လည်းကောင်း၊ တည်ငြိမ်အေးချမ်းမှုမရှိသော

အခြေအနေကြောင့် သော်လည်းကောင်း ကုန်လွန်သွားသည့် အချိန်အတွက် သတ်မှတ်ကာလအား ပြင်ဆင်သတ်မှတ်ပေးနိုင်ရေးအတွက် ကော်မတီသို့ တင်ပြလျှောက်ထားနိုင်သည်။

( င) ခွင့်ပြုထားသည့် လုပ်ငန်းကို လုပ်ငန်းခွင့်ပြုမိန့်ပါ သက်တမ်းကာလအတွင်း ထိုလုပ်ငန်းအတွက် အခြား ပုဂ္ဂိုလ်တစ်ဦးဦးအား လုပ်ငန်းလွှဲပြောင်းခြင်း မပြုရ။

( စ) ခွင့်ပြုမိန့်ရရှိထားသော လုပ်ငန်းနှင့် စပ်လျဉ်း၍ နိုင်ငံတော်သို့ ပေးဆောင်ရန်ရှိသည့် အခွန်အခများ ကို အပြေအကျေ ပေးဆောင်ရမည်။

(ဆ) တည်ထောင်လုပ်ကိုင်ရန် ခွင့်ပြုထားသော လုပ်ငန်း များမှအပ ပြောင်းလဲလုပ်ကိုင်ခြင်း၊ မြေပေါ်မြေ အောက်သယံဇာတ ထုတ်ယူသုံးစွဲခြင်းများမပြုရ။

( ဇ) တည်ထောင်လုပ်ကိုင်သည့် လုပ်ငန်းနှင့် စပ်လျဉ်း၍ တည်ဆဲဥပဒေများနှင့်အညီ ပတ်ဝန်းကျင်ညစ်ညမ်း မှု၊ ပျက်စီးမှုမဖြစ်စေရန် ဆောင်ရွက်ရမည်။

( ဈ) ခွင့်ပြုမိန့်ရရှိထားသောနယ်မြေအတွင်း၌ ကော်မတီ က သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့် အညီ လုပ်ငန်းဆောင်ရွက်ရမည်။

(ည) တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များကို စီမံ ခန့်ခွဲခြင်းနှင့် စပ်လျဉ်း၍ တည်ဆဲဥပဒေများနှင့် အညီ လိုက်နာဆောင်ရွက်ရမည်။

( ဠ) လုပ်ငန်းခွင့်ပြုမိန့်သက်တမ်း မကုန်ဆုံးမီအကြောင်း တစ်စုံတစ်ရာကြောင့် ဆက်လက်၍ လုပ်ငန်း ဆောင်ရွက်နိုင်မှုမရှိခဲ့လျှင် လုပ်ငန်းလုပ်ကိုင်ခွင့် ရရှိသူသည် သတ်မှတ်ထားသည့် နည်းလမ်းများနှင့် အညီ ကော်မတီထံ ပြန်လည်အပ်နှံရမည်။

( ဥ) အစိုးရဌာန သို့မဟုတ် အဖွဲ့အစည်းတစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦး၏ စီမံခန့်ခွဲမှုအောက် ရှိသောမြေတွင် ပုဒ်မ ၉ ပုဒ်မခွဲ(က)အရ အပန်းဖြေ စခန်း၊ တိရစ္ဆာန်ဥယျာဉ်၊ ရုက္ခဗေဒဥယျာဉ် လျှောက်ထားသူသည် ခွင့်ပြုမိန့်မရမီ သက်ဆိုင်ရာ ဌာန၊ အဖွဲ့အစည်းများနှင့် မြေနေရာ အတည်ပြု ချက်ရရှိရေး ကြိုတင်ညှိနှိုင်း ဆောင်ရွက်ရမည်။

## အခန်း (၁၀)

## စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်းနှင့် အယူခံခြင်း

၂၅။ ကော်မတီသည် ဤဥပဒေအရ ထုတ်ပြန်သော အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ဖောက်ဖျက်သည့် လုပ်ငန်းခွင့်ပြုမိန့်ရရှိသူကို အောက်ပါအရေးယူမှု တစ်ရပ်ရပ်ဖြစ်စေ၊ တစ်ရပ်ထက်ပိုသော အရေးယူမှုများဖြစ်စေ ဆုံးဖြတ်ဆောင်ရွက်နိုင် သည် -

(က) သတိပေးခြင်း။

( ခ) သတ်မှတ်ထားသော ဒဏ်ကြေးငွေပေးဆောင်စေခြင်း။

( ဂ) ခွင့်ပြုမိန့်ကို ကာလအကန့်အသတ်ဖြင့်ဆိုင်းငံ့ခြင်း။

(ဃ) ခွင့်ပြုမိန့်ကို ပယ်ဖျက်ခြင်း။

၂၆။ ကြီးကြပ်ရေးအဖွဲ့သည် ဤဥပဒေအရ တည်ထောင်ထားသည့် အပန်းဖြေစခန်း၊ တိရစ္ဆာန်ဥယျာဉ်၊ ရုက္ခဗေဒဥယျာဉ်အတွင်း အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်သူအား ဒဏ်ကြေးငွေ ကျပ်နှစ်သောင်းအထိ ပေးဆောင်ရန် စီမံခန့်ခွဲမှုဆိုင်ရာ အမိန့်ချမှတ်နိုင်သည်-

(က) အများပြည်သူ ကြည့်ရှုလေ့လာ အပန်းဖြေ ခွင့်ပြုထားသော နေရာသို့ သတ်မှတ်ထားသည့် စည်းကမ်းနှင့် မညီညွတ်ဘဲ ဝင်ရောက်ခြင်း။

( ခ) အများပြည်သူ ကြည့်ရှုလေ့လာ အပန်းဖြေ ခွင့်ပြုထားသော နေရာမှအပ တားမြစ်ထားသောနေရာသို့ ခွင့်ပြုမိန့်မရှိဘဲ ကျူးကျော်ဝင်ရောက်ခြင်း။

( ဂ) လူတို့မွေးမြူထားသော ပြင်ပမှ တိရစ္ဆာန်ကို စားကျက်ချခြင်း၊ လွှတ်ကျောင်းခြင်း သို့မဟုတ် စည်းကမ်းမဲ့ ကျူးကျော်ဝင်ရောက်စေခြင်း။

(ဃ) တိရစ္ဆာန်ဥယျာဉ်အတွင်းရှိ ကာကွယ်ထားသည့် တောရိုင်း တိရစ္ဆာန်များကို ခြောက်လှန့်ခြင်း သို့မဟုတ် တမင်အနှောင့်အယှက်ပေးခြင်း၊ အနာတရဖြစ်စေခြင်း၊ အထိတ်တလန့်ဖြစ်စေခြင်း၊ အသံဖြင့် အနှောင့်အယှက်ပေးခြင်း။

( င) သဘာဝအပင်နှင့် စိုက်ပျိုးထားသော အပင်တစ်မျိုးမျိုးကို ခွင့်ပြုချက်မရရှိဘဲ ခုတ်ထွင်ခြင်း သို့မဟုတ် ချိုးဖဲ့ခြင်း သို့မဟုတ် ဖျက်ဆီးခြင်း။

၂၇။ ကြီးကြပ်ရေးအဖွဲ့သည် ဤဥပဒေအရ တည်ထောင်ထားသည့် အပန်းဖြေစခန်း၊ တိရစ္ဆာန်ဥယျာဉ်၊ ရုက္ခဗေဒဥယျာဉ်အတွင်း အောက်ပါပြုလုပ်မှု တစ်ရပ်ရပ်ကို ကျူးလွန်သူအား ဒဏ်ကြေးငွေ ကျပ်တစ်သိန်းအထိ ပေးဆောင်စေရန် စီမံခန့်ခွဲရေးဆိုင်ရာ အမိန့်ချမှတ်နိုင်သည် -

(က) ခွင့်ပြုချက်မရှိဘဲ စီးပွားဖြစ် ဓာတ်ပုံ၊ ရုပ်ရှင် သို့မဟုတ် ဗီဒီယိုရိုက်ကူးခြင်း။

( ခ) မြေကိုတူးဆွခြင်း၊ ထွန်ယက် စိုက်ပျိုးခြင်း သို့မဟုတ် လုပ်ငန်းတစ်ခုခု လုပ်ကိုင်ခြင်း။

( ဂ) သဘာဝအပင်များနှင့် စိုက်ပျိုးထားသည့် အပင်တစ်မျိုးမျိုးကို ထုတ်ယူခြင်း၊ စုဆောင်းခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် ဖျက်ဆီးခြင်း။

၂၈။ ပုဒ်မ ၂၅၊ ၂၆၊ ၂၇ ပါ သတ်မှတ်ထားသော စီမံခန့်ခွဲရေးဆိုင်ရာ ဒဏ်ကြေးငွေကို ပေးဆောင်ခြင်းမရှိပါက မြေခွန်မပြေကျန်ငွေဖြစ်ဘိသကဲ့သို့ အရကောက်ခံရမည်။

၂၉။ ကော်မတီသည် -

(က) စီမံခန့်ခွဲရေးဆိုင်ရာ အမိန့် ချမှတ်သည့်အခါ တည်ထောင်ထားသည့် အပန်းဖြေစခန်း၊ တိရစ္ဆာန်ဥယျာဉ်၊ ရုက္ခဗေဒဥယျာဉ်မှ ခွင့်ပြုချက်မရရှိဘဲ

ထုတ်ယူသည့် ပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်။

( ခ) ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းသော ပစ္စည်းများကို သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ စီမံခန့်ခွဲရမည်။

၃၀။ ကော်မတီကချမှတ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်သူသည် ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ချမှတ်သည့်နေ့မှ ရက်ပေါင်း (၆၀)အတွင်း အစိုးရအဖွဲ့ထံ အယူခံဝင်နိုင်သည်။

၃၁။ ဤဥပဒေအရ ချမှတ်ထားသော စီမံခန့်ခွဲရေးဆိုင်ရာ အရေးယူမှုကို လိုက်နာခြင်းမရှိပါက ပြစ်မှုကြောင်းအရဖြစ်စေ၊ တရားမကြောင်းအရဖြစ်စေ တရားစွဲဆိုစေနိုင်သည်။

၃၂။ (က) အစိုးရအဖွဲ့သည် ကော်မတီကချမှတ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်။

( ခ) ပုဒ်မခွဲ(က)အရ အစိုးရအဖွဲ့၏ အဆုံးအဖြတ်သည် အပြီးအပြတ် အတည်ဖြစ်သည်။

## အခန်း (၁၁)

## တားမြစ်ချက်များ

၃၃။ မည်သူမျှ -

(က) အပန်းဖြေစခန်း၊ တိရစ္ဆာန်ဥယျာဉ်၊ ရုက္ခဗေဒဥယျာဉ်ကို ခွင့်ပြုချက်မရရှိဘဲ တည်ထောင်လုပ်ကိုင်ခြင်းမပြုရ။

( ခ) အပန်းဖြေစခန်း၊ တိရစ္ဆာန်ဥယျာဉ်၊ ရုက္ခဗေဒ ဥယျာဉ်အတွင်း သက်ရှိသက်မဲ့ဖွဲ့စည်းမှုကိုဖြစ်စေ၊ သဘာဝအနေအထား တစ်ခုခုကိုဖြစ်စေ ဖျက်ဆီး ခြင်းမပြုရ။

၃၄။ မည်သူမျှ -

(က) အပန်းဖြေစခန်း၊ တိရစ္ဆာန်ဥယျာဉ်၊ ရုက္ခဗေဒ ဥယျာဉ်၏ နယ်နိမိတ်အမှတ်အသား တစ်ခုခုကို ခွင့်ပြုချက်မရရှိဘဲ ပြောင်းလဲ ပြင်ဆင်ခြင်း၊ ရွှေ့ပြောင်းခြင်း၊ ဖျက်ဆီးခြင်း သို့မဟုတ် ပုံသဏ္ဌာန် ပျက်ယွင်းစေရန် ပြုလုပ်ခြင်း မပြုရ။

( ခ) အပန်းဖြေစခန်း၊ တိရစ္ဆာန်ဥယျာဉ်၊ ရုက္ခဗေဒ ဥယျာဉ်အတွင်း မြေထု၊ ရေထု၊ လေထုကို တမင် ညစ်ညမ်းစေခြင်း၊ ရေအရင်းအမြစ်ကို ပျက်စီးစေ ခြင်း သို့မဟုတ် ရေတွင်အဆိပ်ခပ်ခြင်းမပြုရ။

( ဂ) အပန်းဖြေစခန်း၊ တိရစ္ဆာန်ဥယျာဉ်၊ ရုက္ခဗေဒ ဥယျာဉ်အတွင်း ရောဂါပိုးမွှားပါရှိသော ပစ္စည်းကို ဖြစ်စေ၊ အဆိပ်အတောက်ဖြစ်စေသော ပစ္စည်းကို ဖြစ်စေ၊ ဓာတ်သတ္တု အညစ်အကြေးကိုဖြစ်စေ၊ အန္တရာယ်ဖြစ်စေသော ဓာတ်ရောင်ခြည်သင့်စေ သည့် ပစ္စည်းကိုဖြစ်စေ၊ လူကိုအန္တရာယ်ဖြစ်စေ တတ်သော လက်နက် သို့မဟုတ် ပေါက်ကွဲစေတတ် သော ပစ္စည်းကိုဖြစ်စေ လက်ဝယ်ထားခြင်း သို့မဟုတ် စွန့်ပစ်ခြင်းမပြုရ။

၃၅။ မည်သူမျှ ကော်မတီ၏ ခွင့်ပြုချက်မရှိဘဲ -

(က) အပန်းဖြေစခန်း၊ တိရစ္ဆာန်ဥယျာဉ်၊ ရုက္ခဗေဒဥယျာဉ်အတွင်း အဆောက်အဦများ ဆောက်လုပ်ခြင်း၊ ပျော်ရွှင်ဖွယ်ကစားကွင်းများ၊ အားကစားရုံများ၊ အားကစားခန်းမများ၊ ရေကူးကန်များ၊ အားကစားနည်းပညာ သင်တန်းကျောင်းများ ဖွင့်လှစ်ခြင်း မပြုရ။

( ခ) အပန်းဖြေစခန်း၊ တိရစ္ဆာန်ဥယျာဉ်၊ ရုက္ခဗေဒဥယျာဉ်အတွင်း ပြပွဲပြိုင်ပွဲများ၊ ပျော်ပွဲရွှင်ပွဲများ၊ ပွဲလမ်းသဘင်များ၊ အခမ်းအနားများ ကျင်းပခြင်း မပြုရ။

( ဂ) အပန်းဖြေစခန်း၊ တိရစ္ဆာန်ဥယျာဉ်၊ ရုက္ခဗေဒဥယျာဉ်အတွင်း အပင်များစိုက်ပျိုးခြင်း၊ စီးပွားရေးအလို့ငှာ ပျိုးခြံများတည်ထောင်ခြင်း၊ ပျိုးပင်အရောင်းဆိုင် ဖွင့်လှစ်ခြင်း၊ စျေးဆိုင်ခန်းများ ဆောက်လုပ် ရောင်းချခြင်းမပြုရ။

## အခန်း (၁၂)
## ပြစ်မှုနှင့် ပြစ်ဒဏ်များ

၃၆။ မည်သူမဆို ပုဒ်မ ၃၃ နှင့် ၃၄ ပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ်သုံးနှစ်အထိဖြစ်စေ၊ ငွေဒဏ်ကျပ်ငါးသိန်းအထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၃၇။ မည်သူမဆို ပုဒ်မ ၃၅ ပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ် နှစ်နှစ်အထိဖြစ်စေ၊ ငွေဒဏ်ကျပ်သုံးသိန်းအထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

## အခန်း (၁၃)

## အထွေထွေ

၃၈။ တရားရုံးသည် ဤဥပဒေအရ တရားစွဲဆိုတင်ပို့သော ပြစ်မှု တစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ ပြစ်မှုထင်ရှားတွေ့ရှိလျှင် သက်ဆိုင်ရာ ပြစ်မှုအတွက် ပြစ်ဒဏ်ချမှတ်ရမည့်အပြင် –

(က) ပြစ်မှုကျူးလွန်သူကြောင့် ပျက်စီးဆုံးရှုံးမှု တန်ဖိုးကို သက်ဆိုင်ရာသို့ လျော်ကြေးပေးဆောင်စေရန် အမိန့်ချမှတ်နိုင်သည်။

( ခ) ပြစ်မှုနှင့် သက်ဆိုင်သော တောရိုင်းတိရစ္ဆာန်များ၊ သဘာဝအပင်များနှင့် ယင်းတို့၏ အစိတ်အပိုင်း များကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းပြီး ဦးစီး ဌာနသို့ လွှဲပြောင်းပေးရမည်။

( ဂ) ပြစ်မှုနှင့် သက်ဆိုင်သည့် ယာဉ်၊ တိရစ္ဆာန်နှင့် အခြားပစ္စည်းကိရိယာများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရန် အမိန့်ချမှတ်နိုင်သည်။

၃၉။ ဤဥပဒေ အခန်း(၁၂) ပုဒ်မ ၃၆ နှင့် ၃၇ တို့အရ တရားစွဲ ဆိုရာတွင် ဦးစီးဌာနက တရားလိုပြုလုပ်၍ တရားစွဲဆိုရမည်။

၄၀။ ဤဥပဒေအရ ပြစ်မှုတစ်ရပ်ရပ်ကို တရားစွဲဆိုရာတွင် ကော်မတီ၏ ကြိုတင်ခွင့်ပြုမိန့်ယူရမည်။

၄၁။ ဤဥပဒေပါ ပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်သည်။

၄၂။ ဤဥပဒေအရ တရားစွဲဆိုတင်ပို့သော ပြစ်မှုတစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ သက်သေခံပစ္စည်းသည် တရားရုံးသို့ ပို့ရန်မလွယ်ကူသော ပစ္စည်းဖြစ်ပါက ယင်းသက်သေခံပစ္စည်းကို တရားရုံးရှေ့သို့ တင်ပို့ရန်မလိုဘဲ မည်ကဲ့သို့ထိန်းသိမ်းထားကြောင်း အစီရင်ခံစာသို့မဟုတ် သက်ဆိုင်ရာစာရွက်စာတမ်း အထောက်အထားများ၊ မှတ်တမ်းဓာတ်ပုံများဖြင့် တင်ပြနိုင်သည်။ ယင်းသို့တင်ပြခြင်းကို တရားရုံးသို့ သက်သေခံပစ္စည်း တင်ပြဘိသကဲ့သို့ မှတ်ယူကာ သက်ဆိုင်ရာတရားရုံးက ဥပဒေနှင့်အညီ စီမံခန့်ခွဲသည့်အမိန့် ချမှတ်ရမည်။

၄၃။ ဤဥပဒေအရ ပြစ်မှုကျူးလွန်သူသည် တရားရုံးက ပြစ်ဒဏ်ချမှတ်ပြီး ဆက်လက်ကျူးလွန်ပါက ဦးစီးဌာနသည် ၎င်းအားထပ်မံ၍ တရားစွဲဆိုနိုင်သည်။

၄၄။ ဤဥပဒေ မပြဋ္ဌာန်းမီ တည်ထောင်ထားသော အပန်းဖြေစခန်း၊ တိရစ္ဆာန်ဥယျာဉ်၊ ရုက္ခဗေဒဥယျာဉ်တို့သည် ဤဥပဒေနှင့် အကျုံးဝင်စေရမည်။

၄၅။ ဤဥပဒေသည် စည်ပင်သာယာရေးဥပဒေနှင့်အညီ တည်ထောင်ဖွင့်လှစ်ထားသော စည်ပင်သာယာနယ်နိမိတ်အတွင်းရှိ

ပန်းဥယျာဉ်၊ ရှုခင်းနေရာ၊ ပန်းခြံ၊ အားကစားကွင်း၊ အပန်းဖြေနေရာများနှင့် အကျုံးဝင်သက်ဆိုင်ခြင်းမရှိစေရ။

၄၆။ ကော်မတီနှင့် ဦးစီးဌာနက ယင်းတို့၏တာဝန်ဝတ္တရားများကို ဆောင်ရွက်ရာ၌ လိုအပ်သည့် အကူအညီများကို မြန်မာနိုင်ငံရဲတပ်ဖွဲ့ထံ တင်ပြတောင်းခံနိုင်သည်။ ထိုသို့တောင်းခံလာလျှင် မြန်မာနိုင်ငံရဲတပ်ဖွဲ့က အကူအညီပေးရမည်။

၄၇။ ကော်မတီသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အစိုးရနှင့်ဌာနဆိုင်ရာများ တည်ထောင်လုပ်ကိုင်သော အပန်းဖြေစခန်း၊ တိရစ္ဆာန်ဥယျာဉ်၊ ရုက္ခဗေဒဥယျာဉ်များနှင့် စပ်လျဉ်း၍ ခွင့်ပြုမိန့် လျှောက်ထားခြင်း သို့မဟုတ် ခွင့်ပြုခပေးဆောင်ခြင်းမှ ကင်းလွတ်ခွင့်ပြုနိုင်သည်။

၄၈။ ပုဒ်မ ၂၅၊ ၂၆၊ ၂၇ ပါ သတ်မှတ်ထားသော စီမံခန့်ခွဲရေးဆိုင်ရာ ဒဏ်ကြေးငွေကို ကောက်ခံနိုင်ရန် ဝန်ကြီးဌာနသည် သင့်လျော်သော အရာရှိတစ်ဦးဦးကို ကော်လိတ္တော်အရာရှိအဖြစ် ခန့်အပ်တာဝန်ပေးနိုင်သည်။

၄၉။ ကော်မတီသည် အပန်းဖြေစခန်း၊ တိရစ္ဆာန်ဥယျာဉ်၊ ရုက္ခဗေဒဥယျာဉ် တည်ထောင်လုပ်ကိုင်ရန် ခွင့်ပြုမိန့်ရရှိသူက လုပ်ငန်းဆိုင်ရာနည်းပညာ၊ အတတ်ပညာ၊ ရင်းနှီးမြှုပ်နှံမှုအတွက် ချေးငွေရရှိလိုလျှင် သော်လည်းကောင်း၊ ပွဲပိုးပစ္စည်းနှင့် ဝန်ဆောင်မှု အကူအညီရရှိလိုလျှင် သော်လည်းကောင်း၊ သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းကူညီပေးနိုင်သည်။

၅၀။ ဤဥပဒေ မပြဋ္ဌာန်းမီ အပန်းဖြေစခန်း၊ တိရစ္ဆာန်ဥယျာဉ်၊ ရုက္ခဗေဒဥယျာဉ်နှင့် စပ်လျဉ်း၍ ထုတ်ပြန်ခဲ့သည့် နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများကို ဤဥပဒေနှင့် မဆန့်ကျင်သရွေ့ ဆက်လက် ကျင့်သုံးနိုင်သည်။

၅၁။ နိုင်ငံ့ဝန်ထမ်း မဟုတ်သော ကော်မတီအဖွဲ့ဝင် သို့မဟုတ် ကြီးကြပ်ရေးအဖွဲ့ဝင်တစ်ဦးဦးသည် ဤဥပဒေပါ လုပ်ငန်းတာဝန် များကို ဆောင်ရွက်စဉ် ထိုပုဂ္ဂိုလ်အား ရာဇသတ်ကြီး ပုဒ်မ ၂၁ တွင်ဖော်ပြထားသည့် ပြည်သူ့ဝန်ထမ်းဖြစ်သည်ဟု မှတ်ယူရမည်။

၅၂။ ဤဥပဒေအရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များနှင့်အညီ သဘောရိုးဖြင့် ဆောင်ရွက်ကြောင်း သက်သေအထောက်အထား ခိုင်လုံသည့် ကိစ္စတစ်ရပ်ရပ်အတွက် ကော်မတီဝင်တစ်ဦးဦးကို သော်လည်းကောင်း၊ ကြီးကြပ်ရေးအဖွဲ့ဝင်တစ်ဦးဦးကို သော်လည်း ကောင်း၊ ပြစ်မှုကြောင်းအရဖြစ်စေ၊ တရားမကြောင်းအရဖြစ်စေ၊ အခြားနည်းလမ်း တစ်ရပ်ရပ်အရဖြစ်စေ အရေးယူဆောင်ရွက်ခြင်း မရှိစေရ။ သို့သော် ကော်မတီမှပေးအပ်သော တာဝန်နှင့် လုပ်ပိုင်ခွင့် များကို အလွဲသုံးစားပြုလျှင် နိုင်ငံ့ဝန်ထမ်းဥပဒေ၊ တည်ဆဲဥပဒေ များအရ အရေးယူခံရမည်။

၅၃။ ဦးစီးဌာနသည် ကော်မတီနှင့် ကြီးကြပ်ရေးအဖွဲ့များ၏ ရုံးလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်ရမည်။

၅၄။ ကော်မတီနှင့် ကြီးကြပ်ရေးအဖွဲ့များ၏ အသုံးစရိတ်များကို အစိုးရအဖွဲ့ပြည်နယ်ရန်ပုံငွေမှ ကျခံစေရမည်။

၅၅။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် –

(က) အစိုးရအဖွဲ့သည် လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ထုတ်ပြန်နိုင်သည်။

( ခ) ဝန်ကြီးသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကိုလည်းကောင်း၊ ကော်မတီသည် လိုအပ်သော အမိန့်နှင့် ညွှန်ကြားချက်များကို လည်းကောင်း ထုတ်ပြန်နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

( ပုံ ) ဒေါက်တာလင်းထွဋ်

ပြည်နယ်ဝန်ကြီးချုပ်

ရှမ်းပြည်နယ်အစိုးရအဖွဲ့

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ | |
|---|---|---|---|
| | | မှ | ထိ |
| ၁။ | အခန်း(၁) အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက် | ၁ | ၅ |
| ၂။ | အခန်း(၂) ရည်ရွယ်ချက် | ၆ | ၇ |
| ၃။ | အခန်း(၃) ကော်မတီဖွဲ့စည်းခြင်း | ၇ | ၇ |
| ၄။ | အခန်း(၄) ကော်မတီ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ | ၈ | ၁၁ |
| ၅။ | အခန်း(၅) ကြီးကြပ်ရေးအဖွဲ့ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ | ၁၁ | ၁၄ |
| ၆။ | အခန်း(၆) အပန်းဖြေစခန်း၊ တိရစ္ဆာန်ဥယျာဉ်၊ ရုက္ခဗေဒဥယျာဉ် တည်ထောင်ခြင်း | ၁၄ | ၁၇ |
| ၇။ | အခန်း(၇) အပန်းဖြေစခန်း၊ တိရစ္ဆာန်ဥယျာဉ်၊ ရုက္ခဗေဒဥယျာဉ် တည်ထောင်လုပ်ကိုင်ခွင့်၊ လုပ်ငန်းလုပ်ကိုင်ခွင့် ခွင့်ပြုမိန့် လျှောက်ထားခြင်း၊ ထုတ်ပေးခြင်းနှင့် ငြင်းပယ်ခြင်း | ၁၇ | ၁၉ |
| ၈။ | အခန်း(၈) လုပ်ငန်းခွင့်ပြုမိန့် သက်တမ်း၊ လုပ်ငန်းခွင့်ပြုခ၊ ရက်လွန်ကြေး၊ ဒဏ်ကြေးနှင့် သက်တမ်းတိုးမြှင့်ခ သတ်မှတ်ခြင်း | ၁၉ | ၁၉ |
| ၉။ | အခန်း(၉) အပန်းဖြေစခန်း၊ တိရစ္ဆာန်ဥယျာဉ်၊ ရုက္ခဗေဒဥယျာဉ် တည်ထောင် လုပ်ကိုင်ရန် ခွင့်ပြုမိန့်ရရှိသူက လိုက်နာရမည့် တာဝန်များ | ၂၀ | ၂၂ |

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ | |
|---|---|---|---|
| | | မှ | ထိ |
| ၁၀။ | အခန်း(၁၀) စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်းနှင့် အယူခံခြင်း | ၂၂ | ၂၅ |
| ၁၁။ | အခန်း(၁၁) တားမြစ်ချက်များ | ၂၅ | ၂၇ |
| ၁၂။ | အခန်း(၁၂) ပြစ်မှုနှင့် ပြစ်ဒဏ်များ | ၂၇ | ၂၈ |
| ၁၃။ | အခန်း(၁၃) အထွေထွေ | ၂၈ | ၃၂ |

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ရှမ်းပြည်နယ်လွှတ်တော်
# တောင်ကြီးမြို့

# ရှမ်းပြည်နယ်
# အပန်းဖြေစခန်း၊ တိရစ္ဆာန်ဥယျာဉ်နှင့် ရုက္ခဗေဒဥယျာဉ်ဥပဒေ
(၂၀၁၈ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော် ဥပဒေအမှတ် ၅ ။)

ရှမ်းပြည်နယ်လွှတ်တော်က ထုတ်ဝေသည်။
၂၀၂၀ ပြည့်နှစ်

AAA 5